**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

{ နည်းဥပဒေ ၂၃(စ) }

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၁/၂၀၁၇)

| | |
|---|---|
| ဒေါ်သန္တာစိုး (ပိုင်ရှင်)<br>ဒေါ်နွေးနွေးနောင် (Admin Manager/အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Ta Han Food Industrial Co.,Ltd၊<br>အမှတ်(၆/၇/၁၄၃/၁)၊ ကျွန်စစ်သားရိပ်မွန်၊<br>ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ဇာလီနိုင် (Sale & Marketing)<br>အမှတ် (၅၈)၊ ဇေတိက(၁)လမ်း၊<br>ဘုရားငါးဆူ၊ သန်လျင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျွန်စစ်သားရိပ်မွန်၊ အမှတ် (၆/၇/၁၄၃/၁)ရှိ Ta Han Food Industrial Co.,Ltd ပိုင်ရှင် ဒေါ်သန္တာစိုး၊ ဒေါ်နွေးနွေးနောင် (Admin Manager/ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်ဇာလီနိုင် (Sale & Marketing)တို့ကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၇၄/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ၁၁ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်ဇာလီနိုင် (Sale & Marketing)မှ တောင်းဆိုခြင်းခံရသူ ဒေါ်သန္တာစိုး(ပိုင်ရှင်)ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဒေါ်သန္တာစိုး(ပိုင်ရှင်)မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်ဇာလီနိုင်သည် အလုပ်မှရပ်စဲခံရသည့်အတွက် ဥပဒေနှင့်အညီ နစ်နာကြေးရသင့်/မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲခံရသည့် ဒေါ်ဇာလီနိုင်အား နို့တစ်ကြေးတစ်လစာ ကျပ် ၂၀၀၀၀၀ိ/-၊ လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးတစ်လခွဲစာ ကျပ် ၃၀၀၀၀၀ိ/-၊ စုစုပေါင်း ကျပ် ၅၀၀၀၀၀ိ/-(ကျပ်ငါးသိန်းတိတိ) ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၄/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Ta Han Food Industrial Co.,Ltd ပိုင်ရှင် ဒေါ်သန္တာစိုး၊ ဒေါ်နွေးနွေးနောင် (Admin Manager/ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၅၁/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးဖေအောင်ဝန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်စန်းစန်းဦးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များနှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်တွင် ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှ ရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ်လည်းအခြေခံ၍ အလုပ်ရှင်ဘက်က ခုံသမာဓိကောင်စီသို့ အယူခံတင်ပြလျှောက်ထားလာသည့် ကျေနပ်မှုမရှိဆိုသည့် ဆုံးဖြတ်ချက် (၁)ချက်အား ခုံအဖွဲ့က ကောက်ချက်အဖြစ်သတ်မှတ်ရသည့်လုပ်ထုံးအရ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၁)ချက်ကို အောက်ပါကောက်ချက် (၁)အဖြစ် သတ်မှတ်သုံးသပ်၍ ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်ဇာလီနိုင်သည် အလုပ်မှရပ်စဲခံရသည့်အတွက် တည်ဆဲအလုပ်သမား ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် သင့်/မသင့်။

<u>အငြင်းပွားမှုဖြစ်စဉ်နှင့်အကြောင်းခြင်းရာတွေ့ရှိချက်</u>

၆။ Ta Han Food Industrial Co.,Ltd သည် (၈-၈-၂၀၁၇) ရက်နေ့မှစ၍ အသင့်စားခေါက်ဆွဲခြောက်စက်ရုံ ကုမ္ပဏီအဖြစ် စတင်လုပ်ကိုင်သည်။ ဒေါ်ဇာလီနိုင်သည် (၂၀-၁၀-၂၀၁၄)ရက်နေ့တွင် Sale Leader ရာထူးတွင် လစာ ၂၀၀၀၀၀ိ/- ဖြင့် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ Sale & Marketing အရောင်းဝန်ထမ်းဖြစ်သဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့များရှိ ဆိုင်များသို့ အရောင်းပစ္စည်းများ သွားရောက်ရောင်းချရသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ဒေါ်ဇာလီနိုင်သည် အရောင်းဆိုင်စာရင်း၏ငွေများကိုပေးသွင်းရာတွင် နောက်ကျခြင်း၊ အရောင်းစာရင်းများမှန်ကန်မှု မရှိခြင်း၊ အလုပ်ခွင်စည်းကမ်းများကို အကြိမ်ကြိမ်ချိုးဖောက်ခြင်း၊ Employment Contract (EC စာချုပ်)ပါ အပိုဒ် (၂၅)နှင့် (၂၆)တို့ကို ကျူးလွန်ခြင်းကြောင့် (၂၂-၅-၂၀၁၇)ရက်နေ့တွင် အလုပ်မှရပ်စဲထုတ်ပယ်ခဲ့သည်။ ဒေါ်ဇာလီနိုင်က မိမိအားမဟုတ်မမှန်စွပ်စွဲပြောဆို၍ အလုပ်မှရပ်စဲခံရခြင်းကြောင့် ဖြေရှင်းဆောင်ရွက်ပေးရန် (၁၅-၆-၂၀၁၇) ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြတိုင်ကြားသဖြင့် ဤအငြင်းပွားမှုဖြစ်ပွားရခြင်းဖြစ်သည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကညှိနှိုင်းဖျန်ဖြေပေးရာတွင်ပြေငြိမ်းမှုမရရှိပေ။ အလုပ်ရှင်၊ အလုပ်သမားတို့သည် ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ဆက်လက်ခံယူမည်ဟု နှစ်ဖက်ထွက်ဆိုသဘောတူညီချက်အရ ဤတစ်ဦးချင်းအငြင်းပွားမှုအား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲကိုလွှဲပြောင်းပေးအပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က စီရင်ဆုံးဖြတ်ပေးခဲ့သည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားသည့်အငြင်းပွားမှု ဖြစ်ပေသည်။

၇။ ဤအငြင်းပွားမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲသုံးသပ်ပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် Ta Han Food Industrial Co.,Ltd ၏ အလုပ်ရှင်/စီမံခန့်ခွဲသူက (၂၀-၇-၂၀၁၇) ရက်စွဲဖြင့် ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလွှာတွင် "ခုံသမာဓိအဖွဲ့မှ အရောင်းဝန်ထမ်း ဒေါ်ဇာလီနိုင်၏ငွေကြေးဆိုင်ရာ ပေးသွင်းမှုပျက်ကွက်ခြင်းအမှုနှင့် ငွေစာရင်းလိမ်လည်ခြင်းများအကြိမ်ကြိမ်ဖြစ်ပွားခဲ့မှုနှင့် ယနေ့အထိ ငွေစာရင်းကြွေးကျန်များအား ပေးသွင်းရန်ကျန်ရှိနေခြင်းကို သာမန်ပြစ်မှုဟုဖော်ပြ၍ အလုပ်ရှင်ဘက်ကိုသာ နစ်နာကြေးများပေးဆောင်ရန် အမိန့်ချမှတ်ခြင်းအပေါ် မည်သို့မျှလက်ခံနိုင်ရန် အကြောင်းမမြင်ပါသဖြင့် ခုံသမာဓိကောင်စီသို့ အယူခံတင်သွင်းရခြင်းဖြစ်ကြောင်း၊ XXXXX အလုပ်သမား၏တရားလက်မဲ့ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာတရားရုံးတွင်

လိုအပ်ပါက ထပ်မံ၍တရားစွဲဆိုရန်လည်း ရည်ရွယ်ထားပါကြောင်း” ဖော်ပြ၍ အယူခံလျှောက်ထားလာခြင်းဖြစ်ကြောင်း တွေ့ရှိရ သည်။

၈။ အငြင်းပွားမှုဖြေရှင်းရေးလုပ်ထုံးလုပ်နည်းများအရ ငွေကြေးဆိုင်ရာအလွဲသုံးစားမှုနှင့် စပ်လျဉ်း၍ဖြစ်ပွားသော အငြင်းပွားမှုမျိုးကို ညှိနှိုင်းဖျန်ဖြေခြင်းမပြုရသကဲ့သို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့်လည်း စီရင်ဆုံးဖြတ်ပေးရန်တာဝန်မရှိပေ။ ဤအငြင်းပွားမှုတွင် တောင်းခံသူ အလုပ်သမားအား အလုပ်ရပ်စဲ/ထုတ်ပယ်ခံရသဖြင့် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုအဖြစ် အလုပ်ရပ်စဲမှုနစ်နာကြေးကို အလုပ်ရှင်ကပေးရန် တာဝန်ရှိ/မရှိကိုသာ ကောက်ချက်အဖြစ် စစ်ဆေးသုံးသပ်၍ စီရင်ဆုံးဖြတ်ပေးရမည်ဖြစ်ပေသည်။

သုံးသပ်ချက်

၉။ တောင်းခံခြင်းခံရသူ အလုပ်ရှင်/စီမံခန့်ခွဲသူက ဒေါ်ဇာလီနိုင်သည် (၂၀-၁၀-၂၀၁၄)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ကြောင်း၊ အခြေခံလစာ ၁၀၀၀၀၀ိ/-နှင့် ကျွမ်းကျင်ကြေး၊ ရှားပါးစရိတ် အပါအဝင် ၂၀၀၀၀၀ိ/- ရရှိကြောင်း၊ တာဝန်ထမ်းဆောင်စဉ်ကာလ ကုမ္ပဏီမှသတ်မှတ်ပေးသော FOC (Free Of Charges) လက်ဆောင်ပစ္စည်းများကို အတိအကျမပေးဘဲလိမ်လည်ခြင်း၊ နယ်ခရီးသွားလျှင် ကားဆီဖိုးနှင့် ခရီးစရိတ်လိမ်လည်ခြင်း၊ ငွေစာရင်းဘောက်ချာများ လိမ်လည်ခြင်း၊ အထက်လူကြီးများကိုရိုင်းပြစွာဆက်ဆံခြင်း၊ အလုပ်ခွင်စည်းကမ်းများကို အကြိမ်ကြိမ်ချိုးဖောက်ကြောင်း၊ (၂၄-၃-၂၀၁၇) ရက်နေ့တွင် ၎င်းအား နောက်ဆုံးကတိဝန်ခံချက်လက်မှတ်ရေးထိုးထားကြောင်း၊ အရောင်းဌာနဆိုင်ရာ စည်းကမ်းများချိုးဖောက်ခြင်း၊ ငွေကြေးလိမ်လည်မှုများကို စစ်ဆေးတွေ့ရှိရပါက အလုပ်မှထုတ်ပယ်ပြီးအရေးယူခံရမည်ဟု အလုပ်စဝင်ကတည်းက ပြောထားကြောင်း၊ နောက်ဆုံးဖြစ်ပွားသည့်ကိစ္စမှာ အရောင်းဘောက်ချာပါငွေများကို ပြန်မအပ်သည့် ကိစ္စဖြစ်ကြောင်း၊ ဆိုင်အမည်၊ ဖုန်းနံပါတ်များကို လိမ်လည်ပြီးဖြည့်စွက်ထားကြောင်း၊ (၂၂-၅-၂၀၁၇) ရက်နေ့တွင် အရောင်းဘောက်ချာပါ ငွေများမသိမ်းဆည်းသည့်အပေါ် ဒေါ်ဇာလီနိုင်၏ အုပ်ထိန်းသူမိဘများကိုအကြောင်းကြားသဖြင့် အုပ်ထိန်းသူမိဘများနှင့်လာရောက်ပြီး အသိသက်သေများရှေ့တွင် အကြွေးချထားသည့်အရောင်းဆိုင်မှငွေများကို ရှင်းပေးမည်ဖြစ်ကြောင်းနှင့် (၂၂-၅-၂၀၁၇) ရက်နေ့မှစ၍ အလုပ်ရပ်စဲခြင်းကိုသိရှိပါသည်ဟု ဝန်ခံကတိရေးထိုးပေးခဲ့ကြောင်း၊ (၆-၈-၂၀၁၇) ရက်နေ့တွင် ဘောက်ချာ (၂)စောင်အတွက် အရောင်းကြွေးငွေများကို လာရောက်ပေးသွင်းကြောင်း၊ (၁၄-၆-၂၀၁၇) ရက်နေ့တွင် အရောင်းဘောက်ချာတစ်စောင်ပါငွေများကို လာရောက်ရှင်းလင်းပေးကြောင်း၊ အလုပ်ရှင်/စီမံခန့်ခွဲသူက ၎င်း၏လစာငွေနှင့် ခရီးစရိတ်များကို ရှင်းလင်းပေးပြီး၊ ရပ်ကွက်လူကြီးများရှေ့မှောက်တွင် အမှုမလုပ်ပါဟု နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဒေါ်ဇာလီနိုင်အား နိုင်ထက်စီးနင်း တစ်ဖက်သတ်အပြစ်မရှိဘဲ အလုပ်ထုတ်ပယ်ခြင်းမဟုတ်ကြောင်း၊ EC စာချုပ်

(Employment Contract) အပိုဒ် (၂၅)နှင့် (၂၆)တို့ကို ကျူးလွန်ခြင်းကြောင့် (၂၂-၅-၂၀၁၇) ရက်နေ့တွင် အလုပ်မှရပ်စဲ/ထုတ်ပယ်ခဲ့ကြောင်း၊ ရပ်ကွက်လူကြီးများနှင့် ဒေါ်ဇာလီနိုင်၏အုပ်ထိန်းသူ ရှေ့တွင် နှုတ်ဖြင့်ပြောဆို၍အလုပ်ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနေ့ (၂၂-၅-၂၀၁၇) ရက်နေ့မှစ၍ အလုပ်ထုတ်ပယ်ခြင်းကို သိရှိပါသည်ဟု ဒေါ်ဇာလီနိုင်အား ဝန်ခံကတိလက်မှတ်ရေးထိုးစေ၍ အလုပ်မှရပ်စဲ/ထုတ်ပယ်ခဲ့ကြောင်း ထွက်ဆို၍ ထိုကတိဝန်ခံချက်ကို သက်သေခံအဖြစ် ခုံသမာဓိ ကောင်စီ၊ ခုံအဖွဲ့သို့တင်သွင်းသည်။

၁၀။ တောင်းခံသူ ဒေါ်ဇာလီနိုင်မှ မိမိသည် (၂၀-၁၀-၂၀၁၄) ရက်နေ့တွင် အလုပ်စတင် ဝင်ရောက်လုပ်ကိုင်ကြောင်း၊ Sale & Marketing တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ရန်ကုန်နှင့် နယ်မြို့များရှိ အရောင်းဆိုင်များကို အရောင်းပစ္စည်းများဖြစ်သည့် အသင့်စားခေါက်ဆွဲခြောက်များကို ဖြန့်ဖြူးရောင်းချရပါကြောင်း၊ ထိုသို့လုပ်ကိုင်နေသည့် (၁/၂၀၁၇)လမှစ၍ ယခင်သွားရောက် ရောင်းချခဲ့သည့်နယ်မြို့များသို့ မသွားရောက်ရဘဲ ရန်ကုန်ရုံးချုပ်တွင်သာ တာဝန်ထမ်းဆောင်၍ ရန်ကုန်မြို့ရှိအရောင်းဆိုင်များကို ပစ္စည်းများပေးပို့ရောင်းချရပါကြောင်း၊ ယခင် နယ်အရောင်းကိစ္စ များတွင် အခြားဝန်ထမ်းများအား လွှဲပြောင်းတာဝန်ပေးအပ်ပါကြောင်း၊ ယခင်နယ်မြို့များရှိ အရောင်းဆိုင်များမှ အကြွေးချထားသည့်အရောင်းစာရင်းများကို ၎င်းဝန်ထမ်းများမှ ကောက်ယူ သိမ်းဆည်းနိုင်ခြင်းမရှိသောကြောင့် မိမိအား အလုပ်ရှင်/စီမံခန့်ခွဲသူက ဘောက်ချာများလိမ်ခြင်း၊ ဆိုင်များရှာမတွေ့ခြင်း၊ ဆက်သွယ်၍မရခြင်းဟုဆိုကာ အရောင်းချထားသည့် ငွေ ၂၃၈၀၀၀၀/- (ကျပ်နှစ်ဆယ့်သုံးသိန်းတစ်သောင်းရှစ်ထောင်တိတိ)ကို လိမ်လည်သည်ဟု စွပ်စွဲပြီး ရန်ကုန်ရုံးချုပ် ရှိသည့် မြို့နယ်မှနယ်ထိန်းရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မိမိ၏မိဘများကိုခေါ်ယူ၍ အရောင်း ကြွေးကျန်ငွေများကို သိမ်းယူရန်အချိန်တစ်လပေးမည်၊ သွားရောက်မည့်ခရီးစရိတ်ကိုလည်း ကုမ္ပဏီ ဘက်မှ ကျခံပေးမည်ဟုပြောဆိုကာ မိမိအား (၂၂-၅-၂၀၁၇) ရက်နေ့မှစ၍ အလုပ်မှရပ်စဲကြောင်း နှုတ်ဖြင့်ပြောဆို၍ မိမိကသိရှိကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးပေးခြင်းဖြင့် အလုပ်မှ ရပ်စဲခံရ ပါကြောင်း၊ အရောင်းကြွေးကျန်ငွေများကိုပြန်လည်ရရှိရန်အတွက် ကုမ္ပဏီက အကြွေးရောင်းချ ထားသည့်ဆိုင်များကို သွားရောက်တောင်းခံပြီး အရောင်းကြွေးကျန်ငွေ ၅၃၅၁၀၀၀/- ကို ကုမ္ပဏီသို့ အပ်နှံပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်အရောင်းကြွေးကျန်ငွေများကို ကုမ္ပဏီဘက်မှ ၎င်းတို့ကိုယ်တိုင် အရောင်းဆိုင်များမှ တောင်းယူခဲ့ပါကြောင်း၊ နောက်ဆုံးကျန်ရှိသည့် အရောင်းကြွေးကျန်မှာ ၉၂၀၄၀၀၀/- ကျန်ရှိပါကြောင်း၊ ၎င်းကြွေးကျန်ငွေမှာ ကျောက်ပန်းတောင်းမြို့ရှိ အရောင်းဆိုင်မှ ကြွေးကျန်များဖြစ်၍ မိမိအား ထိုမြို့သို့စေလွှတ်၍ တောင်းခိုင်းပါကြောင်း၊ ထိုငွေကိုမိမိအနေဖြင့် တောင်းခံ၍မရဘဲ (၆/၂၀၁၇) ခွန်လကုန်တွင်ပေးမည်ဟု ပိုင်ရှင်ကပြောသဖြင့် ၎င်းထံမှကတိဝန်ခံချက် တောင်းခံရယူခဲ့ပါကြောင်း၊ ထိုကိစ္စအား ကုမ္ပဏီသို့မိမိတင်ပြခဲ့ရာ ကုမ္ပဏီဘက်မှ ကျန်အရောင်း

ကြွေးကျန်ငွေကို မိမိတို့ကုမ္ပဏီမှသာ တာဝန်ယူတောင်းခံမည်ဟု ပြောဆိုပါကြောင်း၊ သို့ဖြစ်၍ အရောင်းကြွေးကျန်ငွေ (၂၃)သိန်းကျော်ကို မိမိက အလွဲသုံးစားလုပ်ခြင်း၊ လိမ်လည်ခြင်းဟု စွပ်စွဲချက်မှာ မဟုတ်မမှန်ပါကြောင်း၊ အကယ်၍ မိမိက လိမ်လည်အလွဲသုံးစားလုပ်သည်ဆိုပါက ကျန်အရောင်းကြွေးကျန် (၂၃)သိန်းကျော်ကို အမှန်တကယ်ရောင်းချထားသည့် ဆိုင်များမှ ပြန်လည် ရယူနိုင်မည်မဟုတ်သဖြင့် ကျွန်မသည် လိမ်လည်အလွဲသုံးစားမလုပ်ကြောင်းကို ထင်ရှားစွာ သက်သေပြနိုင်ပါကြောင်း၊ မိမိအား မဟုတ်မမှန်စွပ်စွဲပြီး၊ အလုပ်ရပ်စဲခံရသဖြင့် အလုပ်ပြန်လည်လုပ်ကိုင်လိုခြင်းမရှိကြောင်းနှင့် နစ်နာကြေးရလိုပါကြောင်း တင်ပြထွက်ဆိုသည်။

၁၁။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ခုံအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်ထွက်ဆိုတင်ပြချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းနှင့် အစီရင်ခံစာများ၊ ခုံသမာဓိအဖွဲ့၏သုံးသပ်ဆုံးဖြတ်ချက်များနှင့် သက်သေခံတင်ပြသည့်စာရွက်စာတမ်းအထောက်အထားများအရ တောင်းခံသူ ဒေါ်ဇာလီနိုင်သည် ကုမ္ပဏီ၏အရောင်းကြွေးကျန်ငွေ ၂၃၁၈၃၀၀၀/- အား လိမ်လည်ခြင်း၊အလွဲသုံးစားပြုလုပ်ခြင်းမဟုတ်ဘဲ အမှန်တကယ်အကြွေးရောင်းချထားသည့်ဆိုင်များမှ အရောင်းကြွေးများကို တောင်းခံဖြေရှင်းပေးနိုင်ကြောင်း တွေ့ရှိရသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ဒေါ်ဇာလီနိုင်အား EC စာချုပ်ပါ လိမ်လည်အလွဲသုံးစားပြုလုပ်ခြင်း၊ ကြီးလေးသောပြစ်မှုကို ကျူးလွန်သဖြင့် (၂၂-၅-၂၀၁၇) ရက်နေ့တွင် အလုပ်မှရပ်စဲခြင်းသည် လွဲမှားသောစီမံခန့်ခွဲမှုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

၁၂။ ကုမ္ပဏီသည် (၈-၈-၂၀၁၄) ရက်နေ့တွင် စက်ရုံ/ကုမ္ပဏီအဖြစ် စတင်လုပ်ကိုင်သဖြင့် သက်တမ်း(၃)နှစ်ရှိသည့် ကုမ္ပဏီဖြစ်သကဲ့သို့ တောင်းခံသူဒေါ်ဇာလီနိုင်သည် (၂၀-၁၀-၂၀၁၄) ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်သဖြင့် ကုမ္ပဏီနှင့် သက်တမ်းတူနီးပါး လုပ်သက်ရင့်ဝန်ထမ်း/အလုပ်သမားဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းသည် ထိုလုပ်သက်ကာလအတွင်း EC စာချုပ်ပါ လုပ်ငန်းခွင်စည်းကမ်းဖောက်ဖျက်ကျူးလွန်သဖြင့် သာမန်ပြစ်မှုဖြင့်(၂)ကြိမ်၊ အရေးယူခံရကြောင်း တွေ့ရှိရသည်။ ယခုအငြင်းပွားမှုတွင် ဒေါ်ဇာလီနိုင်သည် EC စာချုပ်ပါ ကြီးလေးသောပြစ်မှု(လိမ်လည်အလွဲသုံးစားပြုလုပ်ခြင်း) ကို ကျူးလွန်သည်ဟုဆိုကာ (၂၂-၅-၂၀၁၇)ရက်နေ့တွင် အလုပ်မှရပ်စဲ/ထုတ်ပယ်ခံရခြင်းဖြစ်သည်။ ဒေါ်ဇာလီနိုင်က အကြွေးရောင်းချထားသည့်ဆိုင်များမှ မြေပြင်အခြေအနေအရ အမှန်တကယ်ရှိနေပြီး၊ ထိုဆိုင်များမှ အရောင်းကြွေးများကို ပြန်လည်သိမ်းဆည်းတောင်းခံရရှိသည်ဖြစ်၍ လိမ်လည်အလွဲသုံးစားပြုလုပ်ခြင်းမဟုတ်ကြောင်း ထင်ရှားပေါ်လွင်သည်။ အရောင်းဘောက်ချာပါ လိပ်စာအတိုင်း အရောင်းဆိုင်များကို ရှာဖွေမတွေ့ရှိပါက ထိုအရောင်းကြွေးငွေများကို ကုမ္ပဏီဘက်မှ ပြန်လည်ရရှိနိုင်မည်မဟုတ်ပေ။ ဒေါ်ဇာလီနိုင်အား အလုပ်ရပ်စဲထုတ်ပယ်ခဲ့ခြင်းသည် ၎င်း၏အလုပ်အကိုင်ဆုံးရှုံးနစ်နာရခြင်း၊ ထို့ပြင် ယင်းသို့အလုပ်

ရပ်စဲကြောင်းကိုသိရှိကြောင်း ၎င်း၏မိဘများကိုခေါ်ယူ၍ နယ်ထိန်းရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး တို့၏ရှေ့မှောက်တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းမှာလည်း ၎င်းဝန်ထမ်းအပေါ် မှီခို အားထားရသူ မိဘနှင့် မိသားစု၏ လူမှုဂုဏ်သိက္ခာကို ကျဆင်းစေရုံမက၊ လူမှုဘဝအေးချမ်း တည်ငြိမ်မှုကို ထိခိုက်နစ်နာမှုရှိရပေသည်။ ကုမ္ပဏီ၏ အလုပ်ရှင်/စီမံခန့်ခွဲသူသည် စီမံခန့်ခွဲမှု အားနည်းချက်ရှိကြောင်း တွေ့ရှိရသည်။ အလုပ်ရှင်/စီမံခန့်ခွဲသူက ဝန်ထမ်း/အလုပ်သမားဖြစ်သူ ဒေါ်ဇာလီနိုင်အား အလုပ်ရပ်စဲ/ထုတ်ပယ်ခြင်းသည် ဥပဒေ၊စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း နှင့်ညီညွတ်မှန်ကန်ခြင်းမရှိသည့် အလုပ်ရပ်စဲ/ထုတ်ပယ်ခြင်းဖြစ်သည့်အတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ (ဃ) အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) နှင့်အညီ အလုပ်ရှင်မှ အလုပ်သမားအား သတ်မှတ်ထားသော နစ်နာကြေးပေးရန်တာဝန်ရှိကြောင်း သုံးသပ် ရရှိသည်။ ထို့ပြင် တစ်လကြိုတင်အကြောင်းမကြားဘဲ အလုပ်ရပ်စဲသည့်အတွက် နို့တစ်ကြေး တစ်လစာကိုလည်း အလုပ်ရှင်က ပေးရန်တာဝန်ရှိကြောင်း သုံးသပ်ရရှိသည်။

၁၃။ အထက်ပါလေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအရ အောက်ပါအတိုင်းစီရင်ဆုံးဖြတ် လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏အငြင်းပွားမှုအမှတ်(၇၄/၂၀၁၇) အပေါ် (၁၁-၇-၂၀၁၇) ရက်နေ့တွင် ချမှတ်ခဲ့သည်ဆုံးဖြတ်ချက်အား အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

၁၄။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေး ရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးဖေအောင်ဝန် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |